**(၃) ဖျူစေရီယံနှံခြောက်ရောဂါ (Fusarium head blight)**

**ရောဂါဖြစ်စေသောသက်ရှိ - *Gibberella zeae* (Schwein.) Petch (*Fusarium graminearum* Schwabe)**

## ရောဂါလက္ခဏာ

ရောဂါကျရောက်ပါက အနှံသည်ခြောက်လာသည်။ တစ်ချို့အနှံများ၏ အရင်းပိုင်းသည် အညိုရင့်ရောင် ဖြစ်နေပြီး လိမ္မော်ရောင်မှိုအစုအဝေးကို အနှံစေ့များတွင်တွေ့ရသည်။ ရောဂါကျသောအနှံမှ ဂျုံစေ့များသည် တွန့်ရှုံ၍ပုံပျက်နေပြီး ပန်းရောင်အစွန်းအထင်းများဖြစ်ပေါ်နေတတ်သည်။





## ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးကိုသုံးပါ။
- ရောဂါရအခင်းမှမျိုးစေ့ကိုမစိုက်ပျိုးသင့်ပါ။
- မျိုးစေ့အားမျိုးစေ့လူးနယ်မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးပါ။
- ရောဂါကျရောက်ပါက Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး) စသောမှိုသတ်ဆေး များဖြင့် အသုံးပြုပက်ဖျန်းပါ။